# ဆ ဒေါသစရိုက်ရှိသူတို့အတွက် ကျင့်နည်း ဇ

(ကလဟဝိဝါဒသုတ်၊ သုတ္တနိပါတ်၊ ၄၁၃၊ ဌ၊ ဒု၊ ၂၆၆၊ အဋ္ဌကဝဂ်)

မေး ▶ ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံရင်း ငိုခြင်းစိုးရိမ်တာ။
ဝန်တိုမာန်တက် ထင်သေးချက် အဖျက်ကုန်းချောတာ။
အကုတရား ဤရှစ်ပါး ဖြစ်ပွားကြောင်း ဟောပါ?

ဖြေ ❋ ချစ်ဖွယ်မှီငြား ယင်းရှစ်ပါး ဖြစ်ပွားနေကြသည်။
ခိုက်ရန်တစ်ခို ငြင်းခုန်ဆို ဝန်တိုမှုနှင့် သက်ဆိုင်သည်။
ငြင်းခုံဖြစ်ငြား ကုန်းစကား ပြောကြားတတ်လေသည်။

မေး ▶ချစ်ဖွယ်တို့မှာ ဘယ်ကြောင်းရာ မှီကာဖြစ်သနည်း?
လောဘနှင့်ပင် လွန်ပျော်ရွှင်၍ လိုချင်လောဘ အကြောင်းက မှတ်ရဘယ်သို့နည်း?
လူ၏မှီရာ အကျိုးမှာ အာသာပြီးစီး ဘယ်ကြောင့်နည်း?

ဖြေ ❋ ချစ်ဖွယ်လောဘ ထိုနှစ်ဝ "ဆန္ဒ"ကြောင့်သာပင်။
သတ္တဝါ၏မှီရာ အကျိုးမှာ အာသာပြီးကြောင်း "ဆန္ဒ"ပင်။

### ❖ ဆန္ဒ (၅) ပါး ❖

၁။ ပရိယေသနစ္ဆန္ဒ = ကာမဂုဏ်အာရုံများကို ရှာလိုသောဆန္ဒ။
၂။ ပဋိလာဘစ္ဆန္ဒ = ကာမဂုဏ်အာရုံများကို ရလိုသောဆန္ဒ။
၃။ ပရိဘောဂစ္ဆန္ဒ = ကာမဂုဏ်အာရုံများကို သုံးစွဲလိုသောဆန္ဒ။
၄။ သန္နိဓိစ္ဆန္ဒ = သိမ်းထားလိုသောဆန္ဒ။
၅။ ဝိသဇ္ဇနစ္ဆန္ဒ = စီးပွားရေးအတွက် လခ,စသည်ပေးရခြင်းကို နှစ်သက်သောဆန္ဒ။

(မဟာနိဒ္ဒေသ၊ ၂၀၁)

➲ ရှေ့သုံးမျိုးတို့သည်သာ နတ်များနှင့် သက်ဆိုင်ကြသည်။

**ရှာ,ရ,သုံးချင် သိမ်း,ပေးချင် ငါးအင်လိုဆန္ဒ**

မေး ▶ ဆန္ဒဆိုတာ ဘယ့်ကြောင့်သာ ဖြစ်လာပါသနည်း?
ဆုံးဖြတ်မှုဟာ ဘယ်ကြောင့်သာ မှန်စွာဖြစ်သနည်း?
အမျက်ထွက်ငြား လိမ်စကား ယုံမှားဘယ်ကြောင့် ဖြစ်သနည်း?

ဖြေ ❋ သာယာစဖွယ် ရွံမုန်းဖွယ် မှီတွယ်ဆန္ဒ ဖြစ်ပေါ်သည်။
ရုပ်ဝတ္ထုတွင် ဖြစ်ပျက်မြင် လိုချင်စွဲမှတ် ဆုံးဖြတ်သည်။

**❖ စီးပွားပျက်ခြင်း (၆) မျိုး ❖**

၁။ သေရည် အရက်၊ မူးယစ်ဆေး စသည်ကို သောက်သုံးသဖြင့် စီးပွားပျက်ခြင်း။
၂။ အချိန်အခါမဟုတ်ဘဲ ညအခါ သွားလာနေသဖြင့် စီးပွားပျက်ခြင်း။
၃။ ပွဲလမ်းသဘင်စသည် အပျော်အပါး လိုက်စားနေသဖြင့် စီးပွားပျက်ခြင်း။
၄။ လောင်းကစားပြုလုပ်သဖြင့် စီးပွားပျက်ခြင်း။
၅။ အလုပ်ကို ကောင်းကောင်းမလုပ်ဘဲ ပျင်းနေသဖြင့် စီးပွားပျက်ခြင်း။
၆။ အပေါင်းအသင်း မိတ်ဆွေ မကောင်းသဖြင့် စီးပွားပျက်ခြင်း။

**အမျက်ထွက်ငြား လိမ်စကား ယုံမှား ဤသုံးမည်။**
**သာယာ,မုန်းဖွယ် ထိုနှစ်သွယ် မှီတွယ်ဖြစ်ပွားသည်။**
**ယုံမှားသူမှာ မြတ်ဗုဒ္ဓါ ဟောတာသိအောင် ကျင့်ရမည်။**

မေး ▶ သာယာ,မုန်းဖွယ် ဤနှစ်သွယ် အဘယ်ကြောင့်ဖြစ်ပါသနည်း?
တည်မြဲ, ပြတ်စဲ ယူအစွဲ စိတ်ထဲဘယ့်ကြောင့်ဖြစ်သနည်း?

ဖြေ ❋ သာယာ,မုန်းဖွယ် ထိုနှစ်သွယ် မှတ်ဖွယ် "ဖဿ"ကြောင့်သာတည်း။
တည်မြဲ, ပြတ်စဲ ယူအစွဲ ဒါလဲ "ဖဿ" ကြောင့်ပင်တည်း။

မေး ▶ ဖဿတစ်သွယ် သိမ်းပိုက်ဖွယ် အဘယ်ကြောင့် ဖြစ်ပါသနည်း?
ဘယ်တရားမရှိလျှင် ငါ့ဟာပင် ထင်မြင်သိမ်းပိုက် ကင်းသနည်း?
ဘယ်တရားမရှိငြား ဖဿငါး ထိပါးကင်းသနည်း?

ဖြေ ❋ ရုပ်နာမ်သုံးခု ပေါင်းဆုံမှု တွေ့မှု "ဖဿ" ဖြစ်ပေါ်သည်။
လိုချင်တဏှာ ကြောင်းပြုကာ ငါ့ဟာဟူ၍ သိမ်းပိုက်သည်။
လိုချင်ကင်းလျှင် ငါ့ဟာထင် ထင်မြင်သိမ်းပိုက်မရှိပြီ။
ရုပ်မရှိပြား ဖဿငါး ထိပါးမရှိ ကင်းလေသည်။

## ❖ ရုပ်ကိုလွန်မြောက်ခြင်း (၄) မျိုး ❖

၁။ ဉာတပရိညာဖြင့် ရုပ်ကို ပိုင်းခြားသိပြီး လွန်မြောက်ခြင်း။
၂။ တီရဏပရိညာဖြင့် ရုပ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု သုံးသပ်ဆင်ခြင်ပြီး လွန်မြောက်ခြင်း။
၃။ ပဟာနပရိညာဖြင့် ရုပ်တရား၌ နိစ္စ သုခ အတ္တ အစွဲကို ပယ်နိုင်အောင်သိပြီး လွန်မြောက်ခြင်း။
၄။ ရုပ်အာရုံကို လွန်မြောက်ခြင်း။

(မဟာနိဒ္ဒေသ၊ ၂၁၄)

➲ ရှေ့သုံးမျိုးတို့သည် "ဝိပဿနာ"နှင့်သာ ဆိုင်ကြသည်။
➲ နောက်ဆုံးတစ်ခုသာ ဈာန်ရနှင့် ဆိုင်သည်။

မေး ▶ ဘယ်သို့ကျင့်က ရုပ်ဓမ္မ ကင်းပပါသနည်း?
ကောင်းဆိုးနှစ်ဖုံ ရုပ်အာရုံ ဘယ်ပုံကျော်လွန်ပါသနည်း?

ဖြေ ❋ ပကတိသညာ မရှိပါ ရူးတာလဲပဲ မဟုတ်ပေ။
ရူပသညာ မရှိပါ သညာလဲပဲ မကင်းပေ။
ကသိုဏ်း ပယ်ခွါ ကျင့်သူမှာ ကင်းကွာရုပ်ကိုပေ။
နယ်ချဲ့စုမှာ မှတ်သညာ သူဟာကြောင်းရင်းပေ။

မေး ▶ အရူပဘုံရောက် လမ်းဆုံးပေါက် ချီးမြှောက်ဟောသလော?
သို့မဟုတ်လျှင် သည့်အပြင် မှန်ပင်လမ်းဆုံး ဟောသလော?

ဖြေ * အရူပဘုံတွင် လမ်းဆုံးထင် မှန်ပင်ဟောကြသည်။
သူတို့ထဲမှ အချို့က ဘဝပြတ်ပုံ ဟောကြသည်။
ကြွင်းမဲ့ခန္ဓာ ချုပ်ပြတ်ရာ လိမ္မာသူလို့ သူတို့ဝန်ခံသည်။

**❖ ဘဝပြတ်မှု (၂) မျိုး ❖**

၁။ ကိလေသာကင်းငြိမ်းအောင် မကျင့်ဘဲ သူ့အလိုလိုပင် ဘဝပြတ်မှု။

၂။ အရဟတ္တဖိုလ်ရောက်အောင်ကျင့်၍ ကိလေသာအကုန် ငြိမ်းသောကြောင့် ဘဝသစ် ရုပ်နာမ်များ မဖြစ်တော့ဘဲ ပြတ်စဲမှု။

**❖ ဥစ္ဆေဒအယူ ဘဝပြတ်မှု (၇) မျိုး ❖**

၁။ ယခု လူဘဝသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၂။ နတ်ဘဝသို့ရောက်ပြီး နတ်ဘဝမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၃။ ရူပါဝစရပြဟ္မာဖြစ်ပြီး ထိုဘဝမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၄။ အာကာသာနဉ္စာယတနဘုံရောက်ပြီး ထိုဘုံမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၅။ ဝိညာဏဉ္စာယတနဘုံရောက်ပြီး ထိုဘုံမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၆။ အာကိဉ္စညာယတနဘုံရောက်ပြီး ထိုဘုံမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

၇။ နေဝသညာနာသညာယတနဘုံရောက်ပြီး ထိုဘုံမှသေရင် ဘာမှမဖြစ်တော့ဟု ယူဆခြင်း။

**တည်မြဲကင်းပြတ် ထိုနှစ်ရပ် မှီကပ်ကြသည် သိပြီးလျှင်။**
**မှီရာတွေပါ သိပြီးကာ သစ္စာကိုလဲ သိပြီးလျှင်။**
**လွတ်မြောက်သူမှာ ငြင်းခုံတာ မှန်စွာမရှိပြီ။**
**ဘဝတစ်ဖန် ဖြစ်ဖို့ရန် ကောန်ငြိမ်းလေသည်။**

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ်  - ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)
https://winmetta.org